KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ**
၂၀၂၀ ခုနှစ် မတ်လ ၂၄ ရက်/KHRG စာအမှတ်-19-44-S1

---

# ဖားအံခရိုင် နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ: မြေမြှုပ်မိုင်းများ ထောင်ထားမှု၊ မြေယာသိမ်းဆည်းမှု၊ ခြိမ်းခြောက်တောင်းရမ်းမှုနှင့် ကျောက်တူးဖော်ခြင်းမှ ရရှိသော ညစ်ညမ်းမှု၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မေလအထိ

---

ဤအစီရင်ခံစာတွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ နှင့် မေလအတွင်း ဖားအံခရိုင်၊ လှိုင်းဘွဲမြို့နယ်နှင့် ပိုင်ကျုံမြို့နယ်တို့အတွင်း ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးဖြစ်စဉ်များကို ဖော်ပြထားပါသည်။ အကြောင်းအရာများမှာ DKBA ခွဲထွက်အဖွဲ့မှ ၂၀၁၉ ခုနှစ်၊ မေလတွင် လှိုင်းဘွဲမြို့နယ် မယ်ပရူကျေးရွာအုပ်စု အတွင်းတွင် မြေမြှုပ်မိုင်းများ ထပ်မံထောင်ထားခဲ့သည်။ တပ်မတော်မှ အ---ကျေးရွာနှင့် တ---ကျေးရွာအကြားရှိ မြေ (၁၀) ဧက သိမ်းခဲ့ပြီး ထိုမြေအတွင်း၌ ဆက်လက် နေထိုင်နေကြသည်။ အခြားအကြောင်းအရာများမှာ ပိုင်ကျုံမြို့နယ်တွင် နယ်ခြားစောင့်တပ်မှ ရွာသားများပိုင်သော မြေပေါ်တွင် စေတီတစ်ဆူ တည်ဆောက်ခဲ့ပြီး ၂၀၁၉ခုနှစ်၊ မေလတွင် ပြုလုပ်ခဲ့သော စေတီပူဇော်ပွဲအတွက် ကျေးရွာအုပ်စုများတွင် ငွေများကောက်ခံခဲ့သည်။ ပေါင်ကျေးရွာအုပ်စုတွင် အမည်မသိကုမ္ပဏီတစ်ခုမှ နယ်ခြားစောင့်တပ်နှင့် ပူးပေါင်းပြီး ကျောက်တူးဖော်ရေးလုပ်ငန်းများလုပ်ခဲ့သောကြောင့် ရေထုများညစ်ညမ်းခဲ့ပြီး လယ်ယာစိုက်ပျိုးမြေများလည်း ပျက်စီးခဲ့သည်။[1]

---

## လှိုင်းဘွဲမြို့နယ်တွင် DKBA ခွဲထွက်အဖွဲ့မှ မြေမြှုပ်မိုင်းများထောင်ခဲ့ခြင်း

DKBA ခွဲထွက်အဖွဲ့မှ မြေမြှုပ်မိုင်းများ ထပ်မံထောင်ထားခဲ့သောကြောင့် ပြီးခဲ့သည့်တိုက်ပွဲများတွင် ထွက်ပြေးတိမ်းရှောင်နေရသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရသူများ (အထူးသဖြင့်မြိုင်ကြီးငူဒေသ)သည် မိမိနေရပ်များဖြစ်သော လှိုင်းဘွဲမြို့နယ်၊ မယ်ပရူကျေးရွာအုပ်စုသို့ မပြန်ရဲကြ

[1] ဤအစီရင်ခံစာသည် ၂၀၁၉ ခုနှစ်၊ မေလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့် သင်ကြားပေးသော ကွင်းမှလူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖားအံခရိုင်ရှိ ဒေသခံတစ်ဦးမှဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်းရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများထည့်သွင်းထား ခြင်း ဖြစ်သည်။

သေးဘဲရှိနေသည်။ ၂၀၁၉ ခုနှစ်၊ မေလတွင် ထိုဒေသ၌လှုပ်ရှားနေသော DKBA ခွဲထွက်အဖွဲ့၏ ဒု-စစ်ဦးစီးချုပ် ဗိုလ်ဘိမှ ၎င်း၏ လက်အောက်ငယ်သားများကို မြေမြှုပ်မိုင်းများထပ်ထောင်ရန် အမိန့်ပေးခဲ့သည်။ ၎င်းတို့သည် မြန်မာအစိုးရမှ ရေကာတာဆောက်လုပ်ခြင်း၊ ကရင်အမျိုးသားအစည်းအရုံးမှ ဝင်ရောက်ခြင်းနှင့် နယ်ခြားစောင့်တပ်မှ ဝင်ရောက်ခြင်းများကို တာဆီးရန် ပွါးဒူးပူး၊ ရေတံခွန်၊ ထီးသေဃီး၊ ဝဲ၊ ထီးကလိုသော၊ ထီးကနဲ၊ ဂူသောပူ နှင့် သကြားရွာ စသည့် ကျေးရွာများတွင် မြေမြှုပ်မိုင်းများထောင်ထားခဲ့ခြင်းဖြစ်သည်။

## လူသောမြို့နယ်တွင်ဖြစ်ပွားခဲ့သော တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများနှင့်မြေယာသိမ်းဆည်းမှုများ

ရှမ်းရွာသစ်ကျေးရွာအုပ်စုတွင်ရှိသော အ---ကျေးရွာနှင့် တ---ကျေးရွာသည် ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေအတွင်း တွင်တည်ရှိသည်။ သို့သော် နှစ်အနည်းငယ်အတွင်းတွင် အခြားလက်နက်ကိုင်များမှ ဤဒေသများတွင် ဝင်ရောက်စခန်းချခြင်းများရှိခဲ့သည်။ အဆိုပါ DKBA ခွဲထွက်အဖွဲ့သည် ၂၀၁၅ ခုနှစ်တွင် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)မှ မခွဲထွက်မီ ၂၀၁၃ ခုနှစ်မှာ ဤနေရာတွင် ရေရှည်စခန်းချခဲ့သည်။ ထိုနောက် ၎င်းတို့သည် BGF နှင့် ပဋိပက္ခဖြစ်ခဲ့ပြီးနောက် အခြားနေရာသို့ ရွှေ့ပြောင်းသွားခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလုပ်သားများအဆိုအရ ၂၀၁၈ ခုနှစ် မှစတင်၍ ဤဒေသသည် နယ်ခြားစောင့်တပ်၏ ထိန်းချုပ်မှုအောက်သို့ ကျရောက်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် တပ်မတော်မှ အ---ကျေးရွာနှင့် တ---ကျေးရွာအကြားတွင်စခန်းချခဲ့ပြီး ကျေးရွာအုပ်စု တာဝန်ရှိသူများနှင့် ထိုဒေသတွင်ရှိသော BGF အရာရှိများကို အုပ်စိုးထားသည်။ ကျေးရွာအုပ်စုတာဝန်ရှိသူများနှင့် ထိုဒေသတွင်ရှိသော BGF အရာရှိများသည် KNU နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက် လူထုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို တပ်မတော်ထံတင်ပြရသည်။ တပ်မတော်နှင့် တိုက်ရိုက် ဆက်သွယ်ရေးရရှိရန်အတွက် ကျေးရွာအုပ်စု တာဝန်ရှိသူများအား တပ်မတော်မှ ဖုန်းများလည်းပေး ထားခဲ့သည်။ ၂၀၁၉ ခုနှစ်၊ မေလ ပထမအပတ်တွင် ရှမ်းရွာသစ်တပ်စခန်း(ခြေမြန်တပ်မ-၄၄)မှ တပ်မတော်စစ်သားများသည် စစ်ဆင်ရေးစစ်ဌာနချုပ် (၈) မှတပ်သားများနှင့် တပ်ချိန်းစဉ်တွင် မ---ကျေးရွာ၊ မြိုင်ကြီးငူဒေသ နှင့် မယ်ပရူဒေသများသို့ သွားရောက်ခဲ့ကြသည်။

၂၀၁၈ ခုနှစ်တွင် တပ်မတော်မှနယ်မြေတိုးချဲ့ရန် ကျုံထော်ကျေးရွာအုပ်စု၊ အ---ကျေးရွာတစ်ဝိုက်ရှိ KNU မြေယာပိုင်ဆိုင်မှုထောက်ခံစာရှိသော ခြံမြေများကို သိမ်းဆည်းခဲ့သည်။ တပ်မတော်မှ ထိုမြေများပေါ်တွင် ၎င်းတို့အသုံးပြုရန် ပညာရေးနှင့် ကျန်းမာရေးအဆောက်အဦးများဆောက်လုပ်ခဲ့ပြီး၊ ထိုမြေများကို စိုက်ပျိုးမြေအဖြစ်လည်း အသုံးပြုသည်။ တပ်မတော်သည် ထိုမြေများပေါ်တွင် ယခုအချိန်အထိ ဆက်လက်နေထိုင်နေသော ကြောင့် မြေသိမ်းဆည်းခံရသော ရွာသားများသည် မိမိတို့၏ စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

**ပိုင်ကျုံမြို့နယ်တွင်းရှိ နယ်ခြားစောင့်တပ်မှ အတင်းအဓမ္မ ငွေကြေးကောက်ခံခြင်း**

နယ်ခြားစောင့်တပ်သည် ရွာသားများမှ KNU အား မထောက်ပံ့ရန် ဖိအားပေးခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် BGF တပ်ရင်း (၁၀၁၅)မှ ဒုဗိုလ် စောဆာဘူးသည် ဖ---ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စောဗ---အားခေါ်တွေ့ခဲ့ပါသည်။ စောဗ---သည် KNU နှင့်လက်တွဲလုပ်ပြီး BGF ၏လှုပ်ရှားမှုများကို KNU ထံတင်ပြသည်ဟု BGF မှ သံသယရှိခဲ့သည်။ စောဗ---အား မေးမြန်းခဲ့ပြီး ထိုစွပ်စွဲချက်များကို စောဗ---မှ ငြင်းဆန်ခဲ့သော်လည်း ထို BGF ဒုဗိုလ်သည် မြန်မာအစိုးရမှ ခန့်အပ်ပေးသော အုပ်ချုပ်ရေးမှူးကိုသာ အသုံးပြုမည်ဖြစ်ပြီး စောဗ---အား တာဝန်မှရပ်နားရန် ပြောကြားခဲ့သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ စောဗ---မှ "ကျွန်တော့်ကို *KNU* ကရွေးပြီး တာဝန်ပေး ထားတာ မဟုတ်ဘူး။ ရွာသားတွေကဘဲ မဲပေးရွေးချယ်ပြီး တာဝန်ပေးထားတာ။ *KNU* က အစည်းအဝေး စီစဉ်ပေးတာပဲရှိတယ်" ဟုပြောကြားခဲ့သည်။

ရေပူကြီးကျေးရွာအုပ်စု၊ က---ကျေးရွာတွင် BGF မှ ဆောက်လုပ်ပြီးစီးသွားသော စေတီတစ်ဆူအား ပူဇော်ပွဲဆင်နွှဲရန်အတွက် ပြဇာတ်အဖွဲ့တစ်ဖွဲ့အား ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၁၀ ရက်နေ့ အထိ ဖျော်ဖြေရန် ငှားရမ်းခဲ့သည်။ BGF မှ ဤစေတီကို ရွာသားများပိုင်သောမြေပေါ်တွင် ခွင့်ပြုချက် မယူဘဲ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ (မြေသိမ်းဆည်းခံရသူ ရွာသားများတွင် KNU မြေယာပိုင်ဆိုင်မှု ထောက်ခံစာရှိသည်)။ ဇာတ်အဖွဲ့ကို ပေးရန်အတွက် BGF သည်ရွာသားများထံမှ ငွေများ ကောက်ခံခဲ့သည်။ ပိုင်ကျုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ အုပ်စုမှ တစ်အုပ်စုလျှင် ငွေ ၂ သိန်းကျပ်စီ ကောက်ခံခဲ့သည်။ ရွာသားများမှာ မကျေနပ်ကြသော်လည်း ၎င်းတို့တွင် လက်နက်မရှိသည့် အပြင် နယ်ခြားစောင့်တပ် တပ်သားများမှ လက်တုန့်ပြန်မည်ကို စိုးရိမ်သောကြောင့် မညည်းမညူဘဲ လိုက်လျောပြီး ပေးခဲ့ကြရသည်။

**ပိုင်ကျုံမြို့နယ်အတွင်း ကျောက်တူးဖော်ခြင်း**

BGF တပ်ရင်း (၁၀၁၅) နှင့် လက်တွဲလုပ်သော အမည်မသိကုမ္ပဏီတစ်ခုမှ ၂၀၁၅ ခုနှစ်တွင် ပိုင်ကျုံမြို့နယ်၊ ပေါင်ကျေးရွာအုပ်စု၊ ဖ---ကျေးရွာအပြင်တွင်ရှိသော ဂူတစ်ဂူမှ ကျောက်တူးဖော်ရေး လုပ်ငန်းတစ်ခု စတင် လုပ်ဆောင်လာခဲ့သည်။ ထိုကျောက်တူးဖော်မှုမှရရှိသော ကျောက်များကို ကော့ကရိတ်၊ နဘူး၊ ပိုင်ကျုံ၊ ဖားအံတို့နှင့် ဆက်သွယ်သောလမ်းအား ဆောက်လုပ်ရာတွင် အသုံးပြုမည် ဖြစ်သည်။ ထိုကျောက်တူးဖော်ရေး လုပ်ငန်းသည် အနီးတစ်ဝိုက်တွင်ရှိသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခဲ့သည်။ ထိုနေရာအနီးတွင်ရှိသော ရေအိုင်တစ်အိုင်သည် ကျောက်ဖောက်လုပ်ရေးတွင် အသုံးပြုသော ယမ်းမှုန့် အကြွင်းအကျန် များဖြင့် ညစ်ညမ်းနေသည် (ပိုတက်စီယမ်နိုက်ထရိတ် ဖြစ်နိုင်သည်)။ ဖောက်လုပ်ရေးမှ ကျောက်များသည် ရွာသားများ၏ စိုက်ပျိုးမြေများအတွင်းသို့ ပြုတ်ကျခြင်းကြောင့် လယ်ယာမြေများ ပျက်စီးခဲ့ပြီး ထိုအကျိုးဆက်ကြောင့် ရွာသားများမှာ ၎င်းတို့၏လယ်ယာမြေတွင် သီးနှံများ မစိုက်ပျိုးနိုင်ဘဲရှိနေသည်။ ထိုကျောက် ဖောက်လုပ်ရေးလုပ်ငန်းကြောင့် ရွာသား (၄) ဦးမှ နစ်နာမှုများရှိခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုများအတွက် လုံလောက်သောလျော်ကြေးများ ရရှိခဲ့ခြင်းမရှိပါ။ ကျောက်တူးဖော်သူများလည်း လယ်ကွင်းများထဲတွင် အမှိုက်များအား စည်းမဲ့ကမ်းမဲ့ စွန့်ပစ်သည်ဟု ရွာသားများမှတင်ပြသည်။